ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန**

**ကြေညာချက်**

၁၃၈၀ ပြည့်နှစ်၊ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ဩဂုတ်လ ၃ ရက်)

**ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများ**
**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တည်ထောင်ထားရှိသော ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ ဆက်စပ် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်ရာတွင်သော်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍအတွင်း ရှိ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအချင်းချင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ထိတွေ့ဆောင်ရွက်မှုများပြုလုပ်ရာတွင်လည်းကောင်း အဂတိလိုက်စားမှုတားဆီးကာကွယ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

**ရည်ရွယ်ချက်**

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တည်ထောင်ထားရှိသော ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကျင့်ဝတ်များကို လေးစားလိုက်နာပြီး စီးပွားရေးဝန်းကျင်တစ်ခုလုံး ဖွံ့ဖြိုး တိုးတက်စေရန်။

**လိုက်နာရမည့်သူများ**

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားရှိသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအားလုံး လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

**လေးစားလိုက်နာခြင်း**

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားရှိသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအားလုံး ဤကျင့်ဝတ်များအား လေးစားလိုက်နာရန် တာဝန်ရှိပါသည်။

**တားမြစ်ခြင်း**

၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ တည်ထောင်ထားရှိသော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအတွက် အောက်ဖော်ပြပါအချက်များ ရှောင်ကြဉ်ကြရန်လိုအပ်ပါသည်-

(က) လက်ဆောင်၊ ဧည့်ဝတ်ကျေပွန်မှုနှင့် ဖျော်ဖြေမှုများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက် ၍ဖြစ်စေ ပေးအပ်ခြင်း။

(ခ) ခရီးသွားလာခြင်းအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပံ့ပိုးမှုပေးအပ်ခြင်း။

(ဂ) လုပ်ငန်းများ ချောမွေ့စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေကြေး ပေးအပ်ခြင်း။

(ဃ) လူမှုရေးဆိုင်ရာ ထည့်ဝင်လှူဒါန်းမှု တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးအပ် ခြင်း။

(င) နိုင်ငံရေးဆိုင်ရာ ထည့်ဝင်လှူဒါန်းမှု တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးအပ် ခြင်း။

(စ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတွင် ဝန်ထမ်းများခန့်အပ်ရာ၌ ဆက်စပ် အဖွဲ့အစည်းများအကြား မိမိအကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပံ့ပိုးမှုပေးအပ်ခြင်း။

၆။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာကုမ္ပဏီများဥပဒေ (၂၀၁၇) အရ ဖွဲ့စည်းတည်ထောင်ထားရှိသော ကုမ္ပဏီများနှင့် စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များအား လေးစားလိုက်နာခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက် ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရက - ၁၀ / ၁ /၂၀၁၈ ( ၀၉၉၆၀ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်